
မြေမှုန်လွင်
အရိပ်တကြည့်ကြည့်

# အခန်း(၁)

သူဝယ်လာသည့် ဘဲကင်နှင့်ပါ ပေါင်းလိုက်သည့်အခါ စားပွဲ ပေါ်၌ နေရာလွတ်မကျန် ဟင်းပွဲများ ဖြင့် ပြည့်ကျပ်သွား၏ ။

ထိုကဲ့သို့ ပြည့်ကျပ်နေမှုလည်း သဘာဝ ကျမည် ။ ယနေ့ည သည် သာမန်ညမဟုတ်။ သူ့ဘဝ၏ အလှည့်အပြောင်းည၊ အနှစ် နှစ် အလလစောင့်ခဲ့ရသော စိတ်ဆန္ဒကြီး ပြည့်ဝအောင်မြင်ခဲ့သည့် ည။ ထိုကဲ့သို့ သော ညမျိုးကို သာမန်ညစာလောက်နှင့် မတင်းတိမ်နိုင်။ ထို့ကြောင့် လည်း ဇနီး ဖြစ်သူက ယခုကဲ့သို့ အလိုက်တသိ အထူး စပါယ်ရှယ် ပြင်ဆင်ထားခြင်း ဖြစ်သည်။

''ကွန်ဂရက်ကျူလေးရှင်းပါ မောင်ကျော်အောင်''

''ဟာ... ပါပါးနဲ့ မာမားတို့ပါလား၊ လာ... ထိုင်ပါဦး၊ သားရေ သားအန်းကုန်းနဲ့ အန်းမကို ဧည့်ခံထားလိုက်ဦး၊ မေကြီးကို သွားခေါ်လိုက်ဦးမယ်''

မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသည့် ဇနီးကို နောက်မှ သိုင်းဖက်လိုက်ရင်း...

''ဝါရေ... အိမ်ရှေ့မှာ ပါပါးနဲ့ မာမား ရောက်နေပြီ၊ ဝါ ဖိတ်ထားတာလား''

လေသံဖွဖွလေး။ ညင်ညင်သာသာ။

''ဟုတ်တယ်လေ၊ ကို အခုလို ရာထူးတိုးတဲ့ အထိမ်းအမှတ် အနေနဲ့ ညစာအတူစားကြဖို့ ဝါ နေ့လယ်က ဖုန်းဆက်အကြောင်း ကြားထားတာ''

''ဪ...''

ဝါက ခန္ဓာကိုယ်ကို လှည့်ကာ သူ့ဘက်သို့ မျက်နှာမူလိုက် သည်။

''ဘာ ဖြစ်လို့လဲ ကို''

''ဟာ... မ ဖြစ်ပါဘူး၊ ဘာမှမ ဖြစ်ပါဘူး၊ ပိုတောင်ကောင်း သေးတာပေါ့၊ အခုလို မိသားစုစုံစုံညီညီစားရတာ ''

သူ စကားကို ခဏရပ်လိုက်သည်။ မေးသင့်၊ မမေးသင့် စဉ်းစားသည်။ ပြီးတော့မှ...

"ကို့အမေကိုရော အကြောင်းကြားထားသေးလားဟင်"

အခုလိုအချိန်မျိုးဆိုလျှင် အိမ်၌ တစ်ယောက် တည်း ခြောက် တိခြောက်ခန်း ထမင်းစားနေရမည့် သူ့အမေကို မြင်ယောင်မိကာ မေးလိုက်သည်။

"ဟယ်... ဟုတ်ပါရဲ့၊ ဝါ မေ့သွားတယ် ကိုရေ၊ ဖုန်းမဆက် လိုက်မိဘူး၊ ဟိုဟာ ဖြစ်ရင် စားပြီးမှပဲ ဟင်းတွေ သွားပို့ခိုင်းလိုက်ရ မလား"

"ဩော်... အေး... ရပါတယ်ကွာ၊ ထားလိုက်ပါတော့၊ ရေချိုးလိုက်ဦးမယ်"

သူ့စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသော်လည်း စကားမများ လို တော့သဖြင့် ဘာမှအရေး မကြီးသကဲ့သို့ ဟန်ဆောင်ကာ ရေချိုးခန်း ထဲသို့ ဝင်လိုက်သည်။

ဟင်းပွဲများ စုံညီစွာ ကျက်သည့်အချိန်နှင့် သူရေချိုးပြီးသည့် အချိန်မှာ ပြိုင်တူပင်။ အင်္ကျီဝတ်ပြီး စားပွဲဝိုင်းတွင် ထိုင်လိုက်သည့် အချိန်တွင် တော့ စကားသံများ နှင့် ဆူညံစည်ကားလျက်ရှိသည်။ ခက် တာက သူ တစ်လုံးမှ နားမလည်ခြင်းပင်။ တုံချိတုံချွမ်နှင့် တရုတ် စကားများ ။ ဝါ့မိဘနှစ် ပါး၏ တစ်ဦးတည်းသော မြေး အသည်းကျော် လေး ဖြစ်သည့် သူ့သားလေးသည် တရုတ်ကျောင်းတက်နေသဖြင့် စကားဝိုင်းထဲ၌ ဝင်ဆံ့သည်။ သူ တစ်ယောက် တည်းသာ ကြောင် တိကြောင်တောင် ထိုင်နေရရှာသည်။ အိမ်အကူမလေး ထမင်းလာ ထည့်ပေးသည့်အခါမှ စကားစပြတ်သွား၍ တော် သေးသည်။ ရှိသေသမှု ဖြင့် ပါပါးကို ဦးချရန် ဟင်းခွက်သို့ လက်အလှမ်း တွင် ရိပ်ခနဲ မြင်လိုက်သည်။

"သား"

"လူကြီးတွေ မစားရသေးခင် ဟင်းခွက်တွေ ကို ဦးဦးဖျားဖျား နှိုက်တာမျိုး ဖေကြီး မကြိုက်ဘူးဆိုတာ သားသိတယ်နော်"

"ဗျာ"

သား ဖြစ်သူ မျက်နှာအတန်ငယ်ပျက်သွားသည်။

"သား ဘာလုပ်သေးလို့လဲ"

"မင်း ခုလေးတင် ဘဲကင်နှိုက်လိုက်တယ် မဟုတ်လား"

"မနှိုက်ရသေးပါဘူး၊ ဘယ်မှာ နှိုက်လို့လဲ"

ခါးခါးသီးသီး ငြင်းသည်။

"မင်း မလိမ်နဲ့နော် ဟော့ကောင်"

"ဟဲ့... ငါ့မြေးက နင့်ကို ဘာတွေ လိမ်နေလို့လဲ"

သူတို့၏ မြေးအသည်းကျော်ကို စွပ်စွဲနေသဖြင့် မာမားကပါ မကျေမနပ်ဝင်မေးသည်။

"ဘယ်သူက မင်းဘဲကင်ကို နှိုက်လို့လဲကွ၊ နှိုက်ရင် ငါ့မြေး လေးပန်းကန်ထဲမှာ အသားတုံးမြင်ရမှာ ပေါ့"

"ဟင်..."

ဟုတ်ပါရဲ့။ ပန်းကန်ထဲတွင် အငွေ့တထောင်းထောင်းထနေ သည့် ထမင်းမှလွဲ၍ ဘာမျှမရှိ။ အခြေအနေကို ရိပ်စားမိသည့် ဝါ က ပါးပါးနပ်နပ်ဖြင့် ဝင်ထိန်းသည်။

"ကဲ... ကဲ... ဟင်းတုံးတစ်တုံးနဲ့တော့ ငြင်းခုံမနေပါနဲ့ တော့"

အားလုံး၏ ပန်းကန်များ အတွင်း သို့ ဟင်းဖတ်များ ခပ်ထည့် ပေးသည်။ သူ့စိတ်ထဲတွင် တော့ ဘဝင်သိပ်မကျ။ ဘဲကင်ကိုနှိုက်နေ သည့် သူ့သားလက်ကို သေသေချာချာကြီး မြင်လိုက်တာပါ။ မျက်စိ မှား တာ မည် သို့မျှမ ဖြစ်နိုင်။ ခက်တာက အများနှင့် တစ်ယောက် ဖြစ်နေသဖြင့် ပြိုင်မငြင်းသာ။

"မောင်ကျော်အောင် အစားအသောက်တော့ ဆင်ခြင်ကွာ၊ မင်း ခုလို ဝနေတာ ရေရှည်ဆိုရင် ဒုက္ခရောက်လိမ့်မယ်၊ ကိုယ်က အခု ဌာနရဲ့ အကြီးအကဲ တစ်ယောက်

ဖြစ်နေပြီ၊ ကျန်းမာရေး လေး ဘာလေးလည်း လိုက်စားဦး''

ထမင်းစားပြီး၍ အချိုပွဲသုံးဆောင်နေချိန်တွင် ပါပါးက သူ့ကို ဆုံးမသည်။

''အရာရှိဆိုတော့ ထုံးစံအတိုင်း ကျွေးချင်မွေးချင်မယ့်သူက ပေါမှာ ပဲ၊ အရက်တွေ ဘာတွေ လျှော့ကွာ၊ တတ်နိုင်ရင် လုံးဝ မသောက်နဲ့၊ ကြားလား၊ နောက်ပြီး ရေခဲသေတ္တာထဲမှာ ဘီယာတွေ ဆောင်ထားတာ ပါပါး မကြိုက်ဘူး၊ ဘယ့်နှယ် ကိုယ့်မှာ သားလေး တစ်ယောက် ရှိတဲ့ဟာကို၊ အခုလို မကောင်းတဲ့ဟာတွေ ကို လက် တစ်ကမ်းမှာ ထားတာ ငါ့မြေးလေးအတွက် အန္တရာယ်များ လှပါတယ် ကွာ''

ထမင်းဝိုင်းထဲတွင် သူတို့မြေးလေးကို မဟုတ်မမှန်ဘဲ စွပ်စွဲ ခဲ့ခြင်းနှင့်ပတ်သက်ပြီး အစာမကျေ ဖြစ်နေပုံပေါ်သည်။ လက်စားချေ သည့်သဘောမျိုးဖြင့် ကျော်အောင်ကို ဆယ်မိနစ်ခန့် အမှာ တွေ ခြွေခသွားသည်။ စိတ်မပါသော် လည်း ဟန်ဆောင်၍ ခေါင်းညိတ် နားထောင်ပေးနေရသည်။

''ဒီနေ့ ကို ဘယ်လို ဖြစ်နေတာလဲဟင်''

ခြေရင်းရှိ စောင်ကို ဆွဲခြုံလိုက်ရင်း ဝါက မေးသည်။

သူ့အဖြေကို မစောင့်။ ဝါကပင် ဆက်ပြော၏ ။

''ပါပါးတို့အကြောင်းလည်း သိသားနဲ့၊ သူတို့မြေးလေးကို ဆူတာ ငေါက်တာမျိုး မကြိုက်ပါဘူးဆို၊ အခုလို မဟုတ်ဘဲစွပ်စွဲတော့ ပိုဆိုးတာပေါ့''

''ဟာ... ကို စွပ်စွဲတာမဟုတ်ဘူး၊ မျက်စိနဲ့ တပ်အပ်မြင် တာ''

သူက အခုချိန်ထိ အလျှော့မပေးသေး။ လျှော့စရာအကြောင်း လည်း မရှိ။

''ကို တကယ်မြင်လိုက်တာနော်၊ ပါပါးတို့နဲ့ အပြိုင်မငြင်း ချင်တော့လို့သာ ဘာမှမပြောဘဲ ဟန်လုပ်နေလိုက်တာ''

''အမလေး... ကို ဘာစကားပြောလိုက်တာလဲ၊ ပါပါးတို့ နဲ့များ ငြင်းဦးမလို့လား၊ ဟွန်း... ကြိုပြောထားလိုက်ပါ့မယ်၊ ရာထူးက ဒီနေ့မှတိုးကာ ရှိသေးတယ်၊

ကလန်ကဆန်လုပ်မယ်တော့ မကြံနဲ့၊ ကို အခုလိုနေရာရောက်အောင် ပါပါးတို့ မာမားတို့ နောက်ကွယ် ကနေ ငွေတွေ ပုံအောလိုက်ထားလို့ဆိုတာကိုလည်း မမေ့နဲ့ဦး''

''ကျွတ်''

စိတ်ပျက်လက်ပျက်နှင့် တစ်ဖက်သို့ လှည့်လိုက်သည်။

''ဟော... ပြောနေတာကို ကြည့်၊ ဟိုဘက်လှည့်သွားပြန် ပြီ၊ ကြားလားလို့''

''အေးပါကွာ၊ အေးပါ''

ဆိုပြီး မွေ့ရာမှထ၍ ရေခဲသေတ္တာထဲမှ ဘီယာဘူးကို ထုတ် ယူလိုက်သည်။

''ဖောင်း''

ဝေ့တက်လာသော အမြှုပ်များ စီးဆင်းရာ လည်ချောင်း တစ်လျှောက်တွင် အေးမြသွားသည်မှာ မှန်သော် လည်း စိတ်အတွင် း မှ အရှုပ်များ ကိုတော့ ရှင်းလင်းခြင်းငှာ မစွမ်းသာ။

စဉ်းစားလေလေ ပိုရှုပ်လေလေ။ အမှန်ဆိုလျှင် အခုလို ညမိုးချုပ် သူ့အနေဖြင့် စိတ်လွတ်လက်လွတ် ပျော်ပါးနေရမည် သာ။ အခုတော့ ရှုပ်ထွေးလေးလံ မွန်းကျပ်နေသည်။

မိသားစုထမင်းစားဝိုင်းတွင် စိတ်အခန့်မသင့်စရာ တွေ ့ခဲ့ရ သလို နေ့လယ်က ရုံးတွင် း၌ လည်း စိတ်ပျက်စရာ အ ဖြစ်အပျက်တစ်ခု နှင့် ကြုံခဲ့ရသေးသည်။

ထိုပြဿနာမှာ ယခုပြဿနာထက်ပင် ပိုဆိုးသေးသည်။ အလကားသက်သက် အစွပ်စွဲခံခဲ့ရခြင်း ဖြစ်သည်။ အခု စဉ်းစားမိ အခု ဒေါသထွက်နေဆဲ။

ငှင်းပြဿနာသည်...

***

# အခန်း(၂)

နယ်သို့ ပြောင်းမိန့်ကျလာသည့် အထက်လူကြီးအတွက် ရုံးတွင်း နှုတ်ဆက်ပွဲလေး ကျင်းပကြသည်။ သူ့အပါအဝင် ဝန်ထမ်းအသီးသီးက နှုတ်ဆက်လက်ဆောင်များ ပေးကြသည်။ အရာရှိကလည်း ဝန်ထမ်း များ အားလုံးကို တရင်းတနှီး ပြန်လည်နှုတ်ဆက်သည်။ နွေးနွေး ထွေးထွေး စည်စည်ကားကား ရှိပါသည်။ သူ့ရှေ့သို့ ရောက်လာသည့် အခါ…

''တော် သေးတယ်ဗျာ၊ ပြောင်းမိန့်ကျလာတုန်းက ကျုပ်နေရာ ကို အပြင်က တစ်ယောက် ယောက် ရောက်လာမှာ စိုးရိမ်နေသေး တာ၊ အခုလို ခင်ဗျားကို ရာထူးတိုးပေးလိုက် တာ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ပဲဗျို့၊ မဟုတ်ရင် သိတဲ့အတိုင်းပဲ ကျုပ်တို့ရုံးက အတိုင် အတောထူသလို လုပ်ငန်းစဉ်တွေ ကလည်း ရှုပ်တယ်မဟုတ်လား၊ ဓာတ်မသိတဲ့သူ ရောက်လာရင် အတော် တိုင်ပတ်မှာ ၊ အဟက် ဟက်''

အရာရှိက ခြောက်တိခြောက်ခန်း ရယ်မော၍ သူ့လက်ကို ကိုင်ဆွဲနှုတ်ဆက်သည်။

''ဂုဏ်ယူပါတယ်ဗျာ၊ ကိုကျော်အောင် ကြိုးစား၊ ခင်ဗျားရဲ့ အစွမ်းအစကို သိပြီးသားပါ၊ အဟက်ဟက်''

အရာရှိက ရယ်ရယ်မောမောပြောသွားခြင်း ဖြစ်သော် လည်း ကျော်အောင့်စိတ်ထဲ၌ တစ်မျိုး ဖြစ်ကျန်ခဲ့သည်။

အစွမ်းအစကို သိပြီးသားဆိုတာ ဘာသဘောလဲ။ တိုင်စာ တွေ ခဏခဏပို့သည့် အဓိကလက်သည်မှာ သူဆိုသည်ကို သိသွား ပြီလား။ အရာရှိထိုင်ခုံကို လုယူနိုင်သည့်အစွမ်းအစကိုပဲ ဆိုလိုတာ လား။ ထားလိုက်ပါတော့။ အခုချိန်မှာ ငါက အောင်နိုင်သူ။ သူက ရှုံးနိမ့်သူ။ ဒီခုံက ငါ့အတွက် ဖြစ်သွားပြီ။ သူ့ခမျာ ခေါင်းငိုက်စိုက်နဲ့ ထွက်သွားရရှာတော့မှာ မဟုတ်လား။ ပြောပါစေ။ ဒီလောက်တော့ ဘာအရေး လဲ။

မနက်ဖြန်မှစတင်၍ ထိုင်ရတော့မည့် အရာရှိထိုင်ခုံကိုကြည့် ရင်း စိတ်ထဲ၌ ကျိတ်၍ ပြုံးနေမိသည်။ အပြင်မျက်နှာတွင် တော့ နှစ် ရှည်လများ လက်တွဲ လုပ်ကိုင်ခဲ့သည့် ဆရာသမား တစ်ယောက် ကို ဆုံးရှုံးရတော့မည် ဖြစ်သဖြင့် ပူဆွေးဝမ်းနည်းနေသည့်အိုက်တင်မျိုး လုပ်ကာ ဟန်ဆောင်နေရသည်။

သို့သော် ...

သို့ရာတွင် ထိုအချိန်၌ သူထင်မှတ်မထားသည့် အ ဖြစ် အပျက် ဖြစ်ခဲ့သည်။ ဝန်ထမ်း တစ်ယောက် နှင့် စကားပြောနေသော အရာရှိ ဖြစ်သူက သူ့ဘက်ကို ဒေါသနှင့် လှည့်ကြည့်ကာ...

''ဒီမှာ ကိုကျော်အောင်''

''ဗျာ''

''ဒီခုံ၊ ဒီနေရာ၊ ဒီအခန်းက မနက်ဖြန်ကစပြီး ခင်ဗျား ပိုင်တော့မှာ ဟုတ်ပါတယ်''

''ဟုတ်ကဲ့''

''ဒါပေမဲ့ ဒီနေ့တော့ ခင်ဗျား မပိုင်သေးဘူး၊ ကျုပ်ရှိရဲ့ သားနဲ့ ကျုပ်ခုံမှာ ခင်ဗျားဝင်ထိုင်တာမျိုးကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး''

ဆူညံနေသော အခန်းလေးသည် ရုတ်ခြည်းတိတ်သွား၏ ။ ဘာဖြစ်လိုက်မှန်းမသိသော ဝန်ထမ်းများ နှင့် သူ့အရာရှိကိုသာ အကြောင်သားငေးနေကြသည်။ သူလည်း ထိုနည်းလည်းကောင်း။ ဘာ ဖြစ်မှန်း မသိ။

''ကျွန်... ကျွန်တော် ဘာလုပ်မိလို့လဲ ဆရာ''

''ဘာလုပ်မိလို့လဲ ဟုတ်လား၊ မင်း ခုနပဲ ငါ့ခုံပေါ်မှာ ဝင်ထိုင်ပြီး စပ်ဖြီးဖြီးလုပ်နေတယ်လေ၊ တော် တော် အရှက်မရှိတာပဲ''

ထိုင်ခုံနေရာကိုကြည့်ပြီး သူ့စိတ်ထဲတွင် ပြုံးနေမိသည်မှာ မှန်သော်လည်း အရာရှိစွပ်စွဲသလို ထိုင်မိမှာ မဟုတ်တာတော့ သေချာ သည်။

"မ… မထိုင်ပါဘူး ဆရာရယ်"

"ဘာမထိုင်ရမှာ လဲ၊ ငါ့မျက်စိနဲ့ တပ်အပ်တွေ့တဲ့ဟာကို နည်းနည်း လေးတောင် ဟန်မဆောင်နိုင်ကြဲတော့ဘူးလားဟင်၊ ငါ သိပါတယ်၊ မင်းစိတ်ထဲမှာ ဘာတွေ ရှိသလဲဆိုတာကို"

"မဟုတ်သေးဘူးနော် ဆ… ဆရာ"

ငြင်းချက်ထုတ်သည့် သူ့အသံက ပါးစပ်ဝတွင် တုံ့ဆိုင်းနေ သည်။ သူ့ကိုယ်သူလည်း ဝေဝေဝါးဝါး ဖြစ်မိနေသည်။ တကယ်များ ထိုင်မိသွားသလား။ မ ဖြစ်နိုင်။ လုံးဝမ ဖြစ်နိုင်။ သူ့ထံ၌ ထိုကဲ့သို့ ကလေးကလားစိတ်မျိုး မရှိ။ အနည်းဆုံး ဟန်ကိုယ့်ဖို့၍ တော့နေနိုင် သေးသည်။ အထူးသဖြင့် ယခုကဲ့သို့ ဝန်ထမ်းများ စုဝေးရောက်ရှိ နေချိန်တွင် ပိုမို၍ ဟန်ဆောင်မှု ဖုံးကွယ်ရမည် မဟုတ်လား။

"ရတယ်၊ ရတယ်၊ ငါ့ကို ဒီအခန်းထဲက ဒီလောက်ထွက် စေချင်ကြတဲ့ဟာတွေ၊ အခုပဲ သွားမယ်"

အရာရှိက ဒေါသတကြီးပြောကာ လက်ဆွဲအိတ်ကို ချိုင်း ကြားညှပ်၍ အခန်းထဲမှ ထွက်သွားသည်။ အခန်းဝရောက်မှ သူ့ ဘက်သို့ ပြန်လှည့်၍ …

"ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်မနေနဲ့ ကျော်အောင်၊ အရာရှိအလုပ်ဆိုတာ လက်မှတ်ထိုးရုံနဲ့ ပြီးမယ်ထင်နေတယ် မဟုတ် လား၊ မင်းကိုယ်တွေ့ တွေ့ပါလိမ့်မယ်၊ ပြန်သေတွေ "

"ဂျိုင်း"

ဝန်ထမ်းများ အားလုံး၏ အကြည့်သည် ထိုအရာရှိဆောင့် ပိတ်သွားသော တံခါးမှနေ၍ သူ့ထံသို့ ပြောင်းလာသည်။ သူ ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

"အဟင်း"

ဘာမှအရေး မကြီးသလို ပုံစံမျိုးဖြင့် တစ်ချက်ရယ်လိုက်သည်။ ထိုအခါမှာ

ဝန်ထမ်းအားလုံးလည်း စိတ်သက်သာရာရသွားပုံပေါ်ကာ သူ့နားသို့ ဝိုင်းလာသည်။

"ဆရာ၊ ဆရာ၊ ဆရာ၊ ဆရာ၊ ဆရာ၊ ဆရာ၊ ဆရာ၊ ဆရာ"

ထို့နောက်တွင် တော့ သူ့ကို ဆရာဟု ခေါ်သံများ ဖြင့် အရာရှိ အခန်းလေးမှာ ပြန်လည်အသက်ဝင် သွားပါတော့သည်။

"ဖောက်"

ဒုတိယမွှိ ဘီယာဖောက်သံနှင့်အတူ သူ့စိတ်များ ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာသည်။

တစ်ခုခုတော့ မှား နေပြီဟု ဘီယာတစ်ငုံငုံရင်း တွေး လိုက် မိသည်။ ပြဿနာတစ်ခုကို ဆက်စပ်ကြည့်သည်။ နေ့လယ်က သူ တကယ်မထိုင်ခဲ့ဘဲ စွပ်စွဲခံရသလို အခုကျတော့လည်း သူကပြန်၍ သား ဖြစ်သူကို စွပ်စွဲမိပြန်သည်။ တကယ်ပဲလား၊ စိတ်ထင်တာတွေ ပဲလား။

ပြဿနာ၏ အရင်းအမြစ်ကို ဘက်ပေါင်းစုံမှ တူးဆွဖော် ထုတ်ကြည့်သည်။ သို့ သော် မတွေ့။ ဘီယာဘူးဖောက်သလို အဖြေ ကို လွယ်လွယ်နှင့်ဖောက်ထုတ်၍ မရ ဖြစ်နေသည်။ စဉ်းစားလေလေ ခေါင်းရှုပ်လေလေ ဖြစ်လာသဖြင့် နောက်ဆုံး လက်ကျန်ကို တစ်ငုံ တည်းမော့ချ၍ လက်စသတ်လိုက်သည်။

အိပ်ခန်းထဲသို့ ပြန်ရောက်သည့်အခါ သူ့ဇနီးသည် အိပ် ပျော်နှင့်နေပြီ။ အိပ်ရာမှ ပြန်နိုးလာလျှင် စကားပြောနေရမှာ စိုးရိမ် သဖြင့် ဘေးမှ အသာအယာဝင်လှဲလိုက်သည်။ ထိုကဲ့သို့ အသာ အယာဝင်လှဲသော် လည်း မွေ့ရာကြီးအိစက်လှုပ်ရမ်းသွားခြင်းမှာ ဝဖိုင့် နေသော သူ့ခန္ဓာကိုယ်ကြီးကြောင့် လော၊ ပျော့အိနူးညံ့လွန်းသော စပရိန်မွေ့ရာကြောင့် လောဟု မပြောတတ်။ သူပြောတတ်သည်မှာ သူ့မျက်စိကို အတင်းမှိတ်လိုက်ခြင်းသာ။ ဘာကိုမှ မစဉ်းစားချင်တော့။ မနက်ဖြန်ကို ရှင်ရှင်လန်းလန်းနှင့် ရုံးတက်ချင်သည်။

သူသည် မနက်ဖြန်၌ အရာရှိထိုင်ခုံတွင် ထိုင်ရတော့မည့် သူ မဟုတ်ပါလော။

***

# အခန်း(၃)

''မင်္ဂလာပါ''

ဝန်ထမ်းအားလုံးကို ကြည်ကြည်နူးနူး နှုတ်ဆက်လိုက်သည်။ အားလုံးသော ဝန်ထမ်းများ ကလည်း ရွှင်ရွှင်လန်းလန်း ပြန်နှုတ်ဆက် ၏ ။

''မင်္ဂလာပါ''

သူ အရာရှိ ဖြစ်ပြီး ပထမဆုံးအကြိမ်ပြုလုပ်သည့် ရုံးတွင် း အစည်းအဝေးတွင် ဖြစ်သည်။ အရာရှိ တစ်ယောက် အနေဖြင့် ရှေ့ ဆက်လုပ် ဆောင်သွားရမည့် လုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ ဝန်ထမ်း များ ကို ရှင်းလင်းပြောကြားနေခြင်း ဖြစ်သည်။

''အဓိက ကတော့ အထက်အောက်ဆက်ဆံရေး ပွင့်လင်းဖို့ ရာပဲ၊ အထက်လူကြီးရဲ့ အမိန့်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြပါ၊ မိမိရဲ့ လုပ်ဆောင်ချက်ကိုလည်း စဉ်ဆက်မပြတ် ပြန်လည်သတင်း ပို့ကြပါ''

ပြောရင်း ပြောရင်းနှင့် အရှိန်ရလာသည်။

''ရာထူးဆိုတာ ကိုယ်ပိုင်တဲ့အရာ မဟုတ်ပါဘူး၊ မိဘအမွေ မဟုတ်ပါဘူး၊ အခွင့်သာတဲ့အခိုက် ရလာတဲ့လုပ်ပိုင်ခွင့်လေးနဲ့ အများ ကောင်းကျိုးကို သယ်ပိုးပါ၊ ပြည်သူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ စိတ်ရှည်ပါ၊ သည်းခံပါ၊ နွေးနွေးထွေးထွေး တုံ့ပြန်ပါ''

ဘယ်ဆိုးလို့လဲ။ ဂျာနယ်ဖတ်တာ အကျိုးမယုတ်။ အခုလည်း သူသည် ဘယ်ဂျာနယ်ထဲမှ မသိ။ ဖတ်မိခဲ့သော ဆောင်းပါးတစ်ပုဒ် မှ စာသားများ ကို ရွတ်ပြလိုက်သည်။ ထိုမှသာ သူ့ကို ဝန်ထမ်းများ က အထင်ကြီးလိမ့်မည် ။ သူတို့အထက်ရာရှိက စိတ်နလုံးသား မွန်မြတ် သူဟု ထင်မှတ်ကြလိမ့်မည် ။ အားကျချီးကျူးကြလိမ့်မည် ။ သူ့ကို လေးစားကြည်ညိုနေမည့် ဝန်ထမ်းများ ၏ မျက်နှာ ကို အရသာခံရန် ကြည့်လိုက်သည့်အခါ...

''ဟာ...''

ခုံပေါ်တွင် လက်တင်၍ မှောက်အိပ်သူက အိပ်၊ ခုံကိုမှီ၍ ငိုက်သူက ငိုက်။ သူ့စကားကို တလေးတစားနားထောင်နေသူ တစ်ယောက် မျှမရှိ။

''တောက်''

သူ့တောက်ခေါက်သံကြောင့် တစ်ခန်းလုံးရှိ ဝန်ထမ်းများ တုန်တက်သွားကြသည်။ အကုန်လုံးက စကားပြောရင်းနှင့် ဘာ ဖြစ်သွားပါလိမ့်ဆိုသည့်ပုံစံမျိုးနှင့် သူ့ကို အလန့်တကြား မော့ကြည့်ကြ သည်။

''အဲ...''

မဟုတ်သေး။ တစ်စုံတစ်ခု လွဲပြန်ပြီ။ သူ သေချာထပ်ကြည့် သည်။ ဝန်ထမ်းများ တစ်ယောက် မှ အိပ်ငိုက်နေခြင်းမျိုးကို မတွေ့ ရ။ အကုန်လုံးက မျက်လုံးအကြောင်သားနှင့် သူ့ကို ဝိုင်းကြည့်နေ ကြသည်။ ဒီလိုဆိုလျှင် စောစောက သူမြင်လိုက်သော အရာများ မှာ ...

''ဘုရား... ဘုရား''

ပြောလက်စ စကားကို လက်စသိမ်း၍ အခန်းထဲပြန်လိုက် သည်။ စိတ်ငြိမ်သွားအောင် ရေတစ်ခွက်သောက်လိုက်သည်။

''ဟူး''

ဆုံလည်ကုလားထိုင်ကြီးပေါ်တွင် ထိုင်လိုက်၍ မြင်ခဲ့သမျှ အရာများ ကို စေ့စေ့စပ်စပ် စဉ်းစားသည်။ ပြန့်ကျဲနေသည့် အ ဖြစ် အပျက်များ ကို ဆက်စပ်၍ သုံးသပ်သည်။ မလွဲပါ။ အဖြေတစ်ခုကို သိလိုက်လေပြီ။

ထိုအဖြေနှင့်အတူ သူ့ရင်ဘတ်ကမ်းခြေသို့ ကြောက်ရွံ့မှု လှိုင်းလုံးများ က ဝုန်းဝုန်းဒိုင်းဒိုင်း ဝင်ဆောင့်ပါတော့သည်။ သူမြင်ခဲ့ ကြုံခဲ့ရသော အရာများ သည် ကြောက်စရာကောင်းသလို တုန်လှုပ် စရာကောင်းလှသည်။ တကယ့်လူစစ်စစ်များ ကိုတော့ မဟုတ်။

''ဒါ... ဒါဆို ငါမြင်ခဲ့တာတွေ က အရိပ်တွေ ပေါ့''

ဟုတ်ပါသည်။ သူမြင်ခဲ့သမျှ အရာအားလုံးသည် ပုံရိပ် ယောင်အရိပ်များ ဖြစ်သည်။ ထို့ကြောင့် အရာရှိထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြုံးမိသည်ဟု တွေ းလိုက်စဥ်က သူ့အရိပ်ကို သူ့အရာရှိမှ မြင် သွားကာ ဒေါသထွက်သွားခြင်း ဖြစ်မည် ။ အခုလည်း ရှည်လျား ထွေပြားစွာ ပြောနေသည့် သူ့မိန့်ခွန်းကို ဟန်လုပ်၍ နားထောင်နေရ သော် လည်း ဝန်ထမ်းများ အားလုံး စိတ်ထဲတွင် အိပ်ငိုက်နေပုံရသည်။ ထို့ကြောင့် ထိုဝန်ထမ်းများ ၏ အိပ်ငိုက်နေသော အရိပ်များ ကို သူ တွေ့ မြင်ခဲ့ရခြင်း ဖြစ်သည်။ ဘဲကင်၊ သူ့သား၏ အရိပ်။ အကုန်လုံး ကို ဆက်စပ်မိလေပြီ။

''အရိပ်ဆိုတာ ခန္ဓာကိုယ်လှုပ်ရှားသမျှနောက်ကနေ လိုက် ပေါ်ရတဲ့ ပုံရိပ်မဟုတ်လား''

ဒါကိုပဲ စဥ်းစားမရ ဖြစ်နေသည်။ ဘာ ဖြစ်လို့ သူမြင်နေရတဲ့ အရိပ်တွေ က တလွဲတချော် ဖြစ်နေရတာ လဲ။ ဘာ ဖြစ်လို့ သူ့အရိပ်က စိတ်ထဲကအတိုင်း ပြုမူလုပ်ကိုင်နေရတာ လဲ။

သူ့ခေါင်းထဲ၌ ဖျတ်ခနဲလင်းသွားသည်။ ထိုသို့ဆိုလျှင် စမ်းသပ် စစ်ဆေးမှု တစ်ခု လုပ်နိုင်သည်။ အခုချိန်မှာ သူ ဘာလုပ်ချင်နေသလဲ။ စဥ်းစားစမ်း။ ငါ ဘာလုပ်ချင်လဲ။

''ဟုတ်ပြီ''

သူလုပ်ချင်နေသည်မှာ အခြားမဟုတ်။ ခေါင်းပူကာ စိတ်ရှုပ် နေသည်။ ဘီယာအေးအေးလေးတစ်ဘူးလောက် သောက်လိုက်ရလျှင် ကောင်းမည် ။ ဘီယာက ဘယ်မှာ ရှိသလဲဆိုတော့...

''ဗုဒ္ဓေါ''

အရိပ်။ သူ့အရိပ်သည် ရေခဲသေတ္တာကိုဖွင့်၍ ဘီယာဘူးကို တစွတ်စွတ်မော့သောက်နေသည်။ မျက်လုံးကိုပွတ်၍ နောက်တစ်ခါ ထပ်ကြည့်သည်။ မလွဲပါ။ သူ့အရိပ်မှ သူ့အရိပ်အစစ်။

''ဒုက္ခပဲ''

အခန်းထဲသို့ တခြား တစ်ယောက် ဝင်လာပါက သူ့အရိပ် ဖြစ်နေပုံကို မြင်သွားမည် ကို စိုးရိမ်သဖြင့် အခန်းတံခါးလော့ခ်ကို အလျင်အမြန်ချလိုက်သည်။

''ဂလောက်''

အိပ်ခန်းတံခါးလော့ခ်ကို မြန်မြန်ဆန်ဆန်ချလိုက်သည်။

''ဘာ ဖြစ်လို့ တံခါးလော့ခ်တွေ ဘာတွေ ချနေရတာ လဲ ကို၊ ထမင်းရော မစားတော့ဘူးလား''

''... ... ... ...''

သူ ဘာမှပြန်မဖြေ။

အယောင်ယောင် အမှား းမှား းဖြင့် ဘာတွေ လုပ်လို့ လုပ်မိ နေမှန်းမသိ။ ဖြစ်နိုင်လျှင် သူ့အရိပ်ကို အိမ်ကလူများ အား မမြင်စေ လို။ အထူးသဖြင့် ဝါ့ကို။ ထို့ကြောင့် ရုံးမှ တမင်နောက်ကျ၍ ပြန်လာ ကာ အိမ်ရောက်သည်နှင့် ရေပင်မချိုးတော့ဘဲ အဝတ်အစားအမြန် လဲ၍ အိပ်ခန်းထဲသို့ ဝင်အိပ်လိုက်ခြင်း ဖြစ်သည်။

''ဖျတ်''

မီးပိတ်လိုက်သည်။ ထို့ထက်ပို၍ စိတ်ချရအောင် စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ မျက်စိနှစ် လုံးကို ပိတ်လိုက်၏ ။ သို့သော် အရိပ်များ ကို စိတ်ထဲ၌ မြင်နေရသေးသည်။ စွဲနေသည်ဆိုလျှင် ပိုမှန်မည် ။

ရိုးရိုးအရိပ်များ ကိုတော့ မဟုတ်။ ထိန်းချုပ်၍ မရသော အရိပ် များ ၊ ချုပ်ကိုင်၍ မရသော အရိပ်များ ၊ ဖြစ်ချင်ရာ ဖြစ်နေကြသည့် အရိပ်များ ။

မိမိ၏ စိတ်ရင်းကို လှစ်ဟပြသနေသော အရိပ်များ ။

***